# ကျောင်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှုများ

## ကျောင်း၌ပင် လျင်မြန်လွယ်ကူသော ဆေးကုသမှု



Akron Children's မှ ကျောင်းသူနာပြုဝန်ထမ်းများနှင့် ကလေးအထူးကုဆရာဝန်များသည် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များအတွက် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ထားပေးမည်ဖြစ်သည့် လုံခြုံသည့် သီးသန့်ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများကို သင့်ကလေး၏ကျောင်းတွင်း၌ပင် ပံ့ပိုးဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။ တယ်လီကျန်းမာဝန်ဆောင်မှုနှင့် လူကိုယ်တိုင်ပြသသည့် ဝန်ဆောင်မှုများကိုလည်း ရယူနိုင်ပြီဖြစ်ပါသည်။

သင့်ကလေးသည် အောက်ပါကဲ့သို့သော အသေးစားရောဂါများအတွက် ကုသမှုကို သင့်ခွင့်ပြုချက်ဖြင့် ခံယူနိုင်ပြီဖြစ်ပါသည်-

- **ချောင်းဆိုးခြင်း၊ အအေးမိခြင်းနှင့် တုပ်ကွေးရောဂါ**
- **အဖုများ**
- **လည်ချောင်းနာခြင်းနှင့် နားကိုက်ခြင်း**
- **ဓာတ်မတည့်ခြင်းနှင့် နှာခေါင်းအတွင်း လိုဏ်ခေါင်းပိုင်းဆိုင်ရာ ပြဿနာများ**
- **ပန်းနာရင်ကျပ်ရောဂါကို ထိန်းချုပ်စီမံရာတွင် အကူအညီပေးခြင်း**
- **မျက်မြှေးရောင်ရမ်းနာ**
- **အရေပြားပေါ်တွင် အဖုအပိမ့်၊ အနီကွက်ထခြင်းနှင့် အဆိပ်နွယ်ပင်ကြောင့် အရေပြားရောင်ရမ်းခြင်း**
- **နှင့် အခြား**

အချို့ကျောင်းများတွင် အောက်ဖော်ပြပါကိစ္စများအတွက် လူကိုယ်တိုင် ပြသရန် ရက်ချိန်းစီစဉ်မှုများကိုလည်း ပေးအပ်လျက်ရှိပါသည်-

- **နှစ်စဉ် ကျန်းမာရေးစစ်ဆေးမှုများ**
- **အားကစားတစ်မျိုးမျိုးလုပ်ရန် သင့်လျော်မှုရှိ၊ မရှိ ကြိုတင်အကဲဖြတ်မှုများ**
- **ကာကွယ်ဆေးများ**

## အားသာချက်များ

- **အဆင်ပြေလွယ်ကူခြင်း** – သင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်အတွက် အလုပ် သို့မဟုတ် အိမ်မှ တကူးတကထွက်လာစရာ မလိုပါ။
- **မြန်ဆန်ခြင်း** – လိုအပ်ပါက ဆရာဝန် ဆေးအညွှန်းစာကို သင်ရွေးချယ်ထားသည့် ဆေးဆိုင်သို့ ပို့ပေးပါသည်။
- **သတင်းအချက်အလက်ပြည့်စုံခြင်း** – စောင့်ရှောက်မှုအစီအစဉ်နှင့် လာရောက်ပြသမှုအသေးစိတ်အချက်အလက်များကို သင့်အိမ်သို့ ပို့ပေးသည့်အပြင် MyChart တွင်လည်း တင်ပေးပါသည် (အသုံးပြုရန်အတွက် အကောင့်ဖွင့်ရန် လိုအပ်ပါသည်)။
- **တတ်နိုင်သော အဖိုးအခဖြင့် ကုသပေးခြင်း** – လိုအပ်နေသည့် မည်သည့်ကလေးကိုမဆို ကျွန်ုပ်တို့က ပြုစုကုသပေးမည်ဖြစ်ပါသည်။ သင့်တွင် ပုဂ္ဂလိကကျန်းမာရေးအာမခံ သို့မဟုတ် Medicaid ရှိပါက ကျွန်ုပ်တို့၏ဝန်ဆောင်မှုများအတွက် ကုန်ကျငွေတောင်းခံလွှာကို အဆိုပါအာမခံကုမ္ပဏီများသို့ ပေးပို့တောင်းခံပါသည်။

**ကျွန်ုပ်တို့၏ ကျောင်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှုများ အကြောင်းကို ပိုမိုသိရှိလိုပါက စကန်ဖတ်ပါ။**

ဤဝန်ဆောင်မှုများသည် သင့်ကလေးအား ကုသပေးနေသည့် ဆရာဝန်၏ကုသမှုများကို အစားထိုးမည်မဟုတ်ပါ။ သင့်ကလေးအား ဆရာဝန်ပြသရန် လိုအပ်ပါက ဆရာဝန်တစ်ယောက်ရှာနိုင်ရန် ကူညီပေးပါမည်။

**စုံစမ်းမေးမြန်းလိုပါသလား။ 330-543-7242**

**akronchildrens.org/schoolhealth**

**ယနေ့အတွက် ရက်ချိန်းတောင်းဆိုလိုပါက ဤကုဒ်ကို စကန်ဖတ်ပါ။**

6/26 - 4785